**ဘဝတဏှာ=သဿတဒိဋ္ဌိ**

ဘဝတဏှာဆိုတာ သဿတဒိဋ္ဌိနှင့် ယှဉ်တွဲပြီးဖြစ်တဲ့ တဏှာ။ အသက်ရှင်နေတဲ့သတ္တဝါကောင်ဟာ သေခြင်းပျက်ခြင်း မရှိဘူး။ ရုပ်ခန္ဓာကိုယ်ပျက်စီးမဲ့ သတ္တဝါကောင် အတ္တကောင်ကတော့ မပျက်ဘူး။ တခြားခန္ဓာကိုယ် အသစ်ထဲမှာဝင်ပြီးတည်ရှိနေတယ်။ ကမ္ဘာပျက်သော်လည်း သူကတော့ မပျက်ဘူး။ ဘယ်တော့မှ မပျက်ဘူး အမြဲတမ်းတည်ရှိနေတယ်လို့ ထင်မြင်တဲ့အယူပဲ။

**ဝိဘဝတဏှာ=ဉစ္ဆေဒဒိဋ္ဌိ**

လူချမ်းသာ နတ်ချမ်းသာတွေချည်း ဖြစ်သွားချင်တယ်။ တချို့က ယောကျ်ားဘဝချည်း ဖြစ်သွားချင်တယ်။ တချို့က မိန်းမဘဝချသည်း ဖြစ်သွားချင်တယ်။ အဲဒါတွေဟာ ဘဝတဏှာချည်းပဲ။ မသေခင်သာ ရှိနေတယ်။ သေတဲ့အခါ မရှိတော့ဘူးလို့ယူဆပြီး နှစ်သက်လိုချင်တာ ဝိဘဝတဏှာလို့ ခေါ်တယ်။ ဉစ္ဆေဒဒိဋ္ဌိနှင့်တွဲဖြစ်တဲ့တဏှာ ပါပဲ။

## အဇိတအယူ

သတ္တဝါဟူသည် ဓာတ်လေးပါးအစုသာ ဖြစ်သည်။ သေသည့်အခါ သက်ရှိစဉ်က ပထဝီသည် အလောင်းကောင်ထဲက သက်မဲ့ပထဝီ ဖြစ်သွားသည်။ အဒီနောက် အလောင်းကောင်းသည် မြေဇာဖြစ်ပြီး မြေဇာမှတဖန် သစ်သီးသစ်ပင်အဖြစ်နှင့် ပထဝီဓာတ်ဖြစ်ပြန်သည်။ ထို့အတူ သက်ရှိ အစိုဓာတ် အပူအအေး လေဓာတ်တို့လည်း သက်မဲ့ဖြစ်သွား။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနဆိုတဲ့ သိတတ်တဲ့ ဣန္ဒြေတွေဟာ အာကာသထဲ ပျောက်ကွယ်သွားကြတယ်။ ဒီဉစ္ဆေဒအယူရှိသူသည် မြင်တဲ့စိတ်စသည်ကို မသိ၍ မျက်စိရုပ်ပဲ မြင်တယ်, မန ဣန္ဒြေက ကြံသိတယ်ဟု ယူဆသည်။ လူမိုက်ဖြစ်စေ လူလိမ္မာဖြစ်စေ သေပြီးရင်ပျောက်သွားတယ်။ လူမိုက်လည်း အကုသိုလ်ကြောင့် ဆင်းရဲတဲ့ဘဝမရောက်ရ၊ ပညာရှိလည်း ကုသိုလ်ကြောင့် ကောင်းတဲ့ဘဝမရောက်တော့။

သေပြီးရင် မရှိတော့ဘူးဆိုလို့ မသေခင်မှာတော့ ရှိနေတယ်လို့ ဝန်ခံရာရောက်တယ်။ မသေခင်မှာ ရှိနေတာဘာလဲမေးရင် အသက်ရှိနေတဲ့ သတ္တဝါအကောင်ပဲလို့ ဖြေရလိမ့်မည်။ ဒါကြောင့် သူ့ဝါဒက ဓာတ်လေးပါးအစုပဲ ဆိုပေမဲ့ သတ္တဝါဆိုတဲ့ အတ္တအစွဲကတော့ ရှိနေတယ်လို့ ပြောရမှာပဲ။

ဝိဘဝတဏှာက ဘာမျှမကျင့်ရပဲနဲ့ သေပြီးတဲ့ ဘဝပြတ်စဲသွားတာကိုလည်း သဘောကျတယ်။

(မဟာစည်ဆရာတော် ဓမ္မစကြာတရားတော် ကောက်နုတ်ချက် ၂၉၉-၃၀၅)

**သန္တတိဃန**

**ကြည့်လိုမှု ကြည့်မှု မြင်မှု အဖန်ဖန်မြင်မှု ဆင်ခြင်မှုတို့ကို တခုတည်း တကောင်တည်းထင်မှု**သည် သန္တတိဃန။ ခဏအားဖြင့် ကွဲပြားသော ရုပ်နာမ်အဆင့်ဆင့်တို့ကို မပိုင်းဖြတ်နိုင်၍ သန္တတိဃနက အနတ္တလက္ခဏာကို ဖုံးသည်။ ကြည့်လိုမှုက တခြား ကြည့်မှုက တခြား သိ၍ တခုတည်း တကောင်တည်းမဟုတ်ဟု သိလျှင် သန္တတိဃနပြိုကွဲသောကြောင့် ကြည့်လိုမှုက ကြည့်မှုမြင်မှုစသည်ကို မပြီးစေနိုင် စသဖြင့် သဘောကျကာ အလိုရှိတိုင်း ကြည့်နိုင်မြင်နိုင်သော ငါကောင်မရှိဟု သဘောကျလျက် အနတ္တလက္ခဏာကို သိနိုင်ပေသည်။

**သမူဟဃန**

ရုပ်နာမ်တို့ကို ဝိပဿနာဉာဏ်ဖြင့် မပိုင်းခြားနိုင်သူသည် နာမ်နှင့်ရုပ်ကို တခုတည်း တကောင်းတည်း ထင်၏။ ကွေးချင်သော နာမ်နှင့် ကွေးတဲ့ရုပ်ကို တခုတည်းထင်၏။ မြင်ပြီးထိရာ ထိပြီးမြင်ရာ၌ **မြင်ရတဲ့ရုပ်နှင့် ထိရတဲ့ရုပ်ဟာ တခုတည်းပဲဟု ထင်မှတ်၏**။ ရုပ်အပေါင်း နာမ်အပေါင်း ရုပ်နာမ်အပေါင်းကို တခုတည်းပဲဟု ထင်မှတ်စရာသည် သမူဟဃန မည်၏။ သဘောအားဖြင့် အသီးသီးကွဲပြားသော တရားကို ဝိပဿနာဉာဏ်ဖြင့် မပိုင်းခြားနိုင်သောကြောင့် ရုပ်နာမ်တို့၏ အနတ္တလက္ခဏာကို သမူဟဃနက ဖုံးကွယ်သည်။

ကွေးချင်စိတ်က တခြား, ကွေးရုပ်ကတခြား၊ ကွေးချင်စိတ်မရှိပဲ ကွေးရုပ်မပေါ်နိုင်၊ ဖောင်းရုပ်က တခြား, ဖောင်းတာသိမှုက တခြား၊ ဖောင်းရုပ်မရှိပဲ ဖောင်းတာသိမှု မပေါ်နိုင်၊ ဤသို့စသည်ဖြင့် သိလျှင် အလိုအတိုင်းမဖြစ်ဟုသိကာ အနတ္တလက္ခဏာကို နားလည်၏။

**ကိစ္စဃန**

ရုပ်နာမ်တို့သည် ကိစ္စအားဖြင့် အသီးသီးကွဲပြား၏။ ဝိပဿနာဉာဏ်ဖြင့် မပိုင်းခြားရသေးသူသည် ရုပ်နာမ်တို့ကို တခုတည်းတကောင်းတည်း ထင်၏။ မျက်စိရုပ်သည် အဆင်းကို မြင်စေသည်။ စက္ခုဝိညာဏ်သည် မြင်တတ်သည်။ အဆင်းရုပ်သည် အမြင်ခံတတ်၏။ ဤသို့ကိစ္စကွဲသော်လည်း **မျက်စိရုပ် အဆင်းရုပ် မြင်စိတ်တို့ကို တခုတည်းတကောင်းတည်း ထင်၏**။ သုခဝေဒနာသည် စိတ်ကို ရွှင်လမ်းစေတတ်၏။ ဒုက္ခဝေဒနာသည် စိတ်ကို ငြိုးနွမ်းစေတတ်သည်။ ဥပေက္ခာဝေဒနာသည် စိတ်ကို မငြိုးမရွှင်စေလျက် ငြိမ်သက်စေတတ်၏။ သို့သော် ချမ်းသာတာလဲ ငါ ဆင်းရဲတာလဲ ငါ ငြိမ်သက်တာလဲ ငါဟု တယောက်တည်းထင်တတ်၏။ ကွေးချင်စိတ်သည် ရုပ်ကို ရွေ့စေသည်။ ကွေးရုပ်သည် လိုရာအတွင်းဘက်သို့ ရွေ့ဖြစ်သည်။ သို့သော် ငါကပဲ ကွေးချင်သည် ငါကပဲ ကွေးသည်ဟု တယောက်တည်း ထင်သည်။

**အာရမ္မဏာဃန**

ဝိပဿနာဉာဏ်မရှိသူသည် အာရုံကွဲပြားသော နာမ်တို့ကို တခုတည်း တကောင်တည်း ထင်၏။ စက္ခုဝိညာဏ်သည် အဆင်းကို သောတဝိညာဏ်သည် အသံကို စသည်ဖြင့် အာရုံပြု၏။ သို့သော် **ငါတယောက်တည်းကပဲ မြင်သည်၊ ကြားသည် စသည်ဖြင့် ထင်မှတ်**၏။ **ကြည့်ချင်စိတ်က တခြား, ကြည့်ချင်တယ်ဟု မှတ်သိစိတ်က တခြား, မြင်စိတ်က တခြား, မြင်တယ်ဟု မှတ်သိစိတ်က တခြား**ဟု သိမြင်သော ယောဂီ၌ အာရမ္မဃနပညတ်ကွဲသည်။ (မဟာစည်ဝိပဿနာရှုနည်း ၃ ၄၂၆–၄၃၂)

**ဃနကွဲချိန်**

**ဘင်ဉာဏ်ထက်သန်စွာဖြစ်ပေါ်၍ ဃနကွဲသော** ယောဂီ၌ ကွေးဆဲ၌ ကွေးသောအခြင်းအရာအားဖြင့် လှုပ်ရှားမှုကလေးများသာ အပြတ်ပြတ် ထင်၏။ လှုပ်ရှားမှုကလေးများ ကုန်ဆုံးသွားသည် ကုန်ဆုံးသွားသည်ဟု သိသည်။ ထိုသိမြင်မှု စိတ်များကိုလည်း သူတို့၏ အာရုံနှင့် တပါတည်းပင် ရှေ့ဆင့်နောက်ဆင့် ကုန်ဆုံးသွားသည်ဟု သိမြင်သည်။ ထို့ကြောင့် ကွေးသောရုပ်သည် သာမန်လူမှာကဲ့သို့ လက်မောင်း လက်ချောင်းပုံ မထင်တော့။ လက်သည် တည်မြဲတည်ရှိနေသည်ဟု မထင်တော့။ မှတ်သိစိတ်များကိုလည်း တယောက်တည်းက သိနေသည်ဟု မထင်တော့။ (မဟာစည်ဝိပဿနာရှုနည်း ၃ ၄၆၂)

♠ ပဥ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ်စသည်တို့၏ ဖြစ်ရာအခါ၌ ရှေ့စိတ်နောက်စိတ်တို့သည် တခုတည်း မဟုတ်သော်လည်း ထိုစိတ်နှစ်ခုတို့၏အကြား၌ ကာလအခြားမရှိသောကြောင့် တစိတ်တည်းကဲ့သို့ ဖြစ်သွားခြင်းသည် **'သန္တတိဃနတာ'** မည်၏။ ဖဿ ဝေဒနာ စသော စေတသိက်တို့သည် တကွဖြစ်ရာ၌ တပေါင်းတည်ဖြစ်သောကြောင့် တခုတည်းကဲ့သို့ ဖြစ်ခြင်းကို **'သမူဟဃနတာ'**ဟု ဆိုသည်။ ဖဿသည် သံဃဋ္ဋနကိစ္စရှိ၏။ ဝေဒနာသည် အနုဘဝနကိစ္စရှိ၏။ ဤသို့ကိစ္စကွဲပြားသော်လည်း အတူတကွယှဉ်၍ ဖြစ်ကြရာဝယ် ထိုကိစ္စအထူးကို မသိနိုင်လောက်အောင် တခုတည်းကဲ့သို့ တခဲနက်ဖြစ်ကြခြင်းသည် **'ကိစ္စဃနတာ'** ဟုဆိုသည်။ စက္ခုဒွါရ၌ ဝီထိ၌ဖြစ်ကြသော စိတ်စေတသိက် တစဉ်တတန်းလုံးသည်ပင် ရူပါရုံတခုတည်းကိုပင် အာရုံပြုရသည့်အတွက် တခုတည်းကဲ့သို့ တခဲနက်ဖြစ်နေခြင်းသည် **'အာရမ္မဃနတာ'** မည်၏။ (ဠနီဘာနီ ပ ၅၁၃ ကာမကုသိုလ်အဖွင့်)

# ဃနကွဲမှ အနတ္တထင်နိုင်

သတ္တဝါတို့သန္တာန်၌ ရုပ်တရား နာမ်တရားတို့သည် ကံစသောအကြောင်းတို့ကြောင့် အမြဲဖြစ်နေ၏။ ဥပါဒ်ခိုက်၌ ဖြစ်ပြီးနောင် ဋ္ဌီအခိုက်ဝယ် ခဏတည်၍ ဘင်အခိုက်၌ ပျက်၏။ ထိုအဖြစ်အပျက်တို့သည် လက်ဖြောက်တချက်တီးခန့်ကာလ၌ ကုဋေတသိန်းမက များပြား၏။ ထိုမျှလောက်မြန်သော အဖြစ်အပျက်ကို များစွာသောလူတို့သည် စိတ်၌ မစဉ်းစားမိကြ။ မစဉ်းစားနိုင်လောက်အောင်လည်း ရုပ်တရားဝယ် ရုပ်အစဉ်က နာမ်တရားဝယ် နာမ်အစဉ်က အနိစ္စလက္ခဏာကို ဖုံးကွယ်၍ ထားသကဲ့သို့ဖြစ်သည်။ ထို့သို့ ရုပ်အစဉ် နာမ်အစဉ်ဟူသော သန္တတိက ဖုံးထားမှုကြောင့် များစွာသောသတ္တဝါတို့၌ အနစ္စလက္ခဏာ မထင်ရှားနိုင်ဘဲ ဖြစ်ရလေသည်။ ဆက်ဦးအံ့၊ သန္တတိပညတ်အခန်း၌ ပြအပ်ခဲ့သည့်အတိုင်း အေးသောရုပ်အစဉ် ပူသောရုပ်အစဉ်နှင့် စိတ်တို့၏ ရူပါရုံကို မြင်ခိုက် စက္ခုဒွါရိကစိတ်အစဉ် တဒနုဝတ္တိက မနောဒွါရိက စိတ်အစဉ်သည် သန္တတိမည်၏။ (သမ္မောဘာဋ္ဌီ ပ ၁၅၃-၄)

စက္ခုဓာတ်သည် မျက်စိအတွင်းဝယ် အခြားသောရုပ်ကလာပ်တိုနှင့် ပေါင်းစပ်နေ၏။ ပတ်ဝန်းကျင် အဆောင်အရောင်နှင့်တကွသော မျက်လုံးကိုလည်း စက္ခုဟု ခေါ်နေကြ၏။ ထိုသသမ္ဘာရစက္ခုအပေါင်းမှ စက္ခုဓာတ်တခုကို ဉာဏ်ဖြင့်ခွဲခြား၍ သိခြင်းကို "စက္ခုဓာတု ဝိနိဗ္ဘောဂ"ဟု ခေါ်၏။ ရူပဓာတ်စသည်တို့၌လည်း နည်းတူ။ ထိုကဲ့သို့ အမျိုးမျိုးသောဓာတ်တွေကို ခွဲခြားဝေဖန်မှုကို သာမာန်ပုဂ္ဂိုလ်မဆိုထားဘိ ပိဋကအရာ အတော်ပညာရှိသူတို့သော်မှလည်း သတိမမူမိကြ။ အနတ္တလက္ခဏာကိုသိလိုလျှင် စက္ခုဓာတ် သောတဓာတ်စသော ဓာတ်တို့ကို အသီးသီးဉာဏ်ဖြင့် ခွဲခြားရသည်။ ထိုသို့ ခွဲခြားပြီးနောက်

တခုတည်းကဲ့သို့ ထင်ရလောက်အောင် ပူးတွဲပေါင်းကပ် ဆက်စပ်နေသည်ကို 'ဃန'ဟုဆိုသည်။ ထိုဃနသည် သန္တတိဃန သမူဟဃန ကိစ္စဃန အာရမ္မဏဃန အားဖြင့် လေးမျိုးရှိ၏။ ဝီထိစဉ်အားဖြင့် ရုပ်အစဉ်နာမ်အစဉ်တခုကို 'သန္တတိဃန-အစဉ်အားဖြင့် တခဲနက်ဖြစ်နေသည်'ဟု ခေါ်၏။ စိတ္တုပ္ပါဒ်တခု၌ စိတ်စေတသိက် အပေါင်းကိုလည်းကောင်း ရုပ်ကလာပ်တခုကိုလည်းကောင်း သသမ္ဘာရစက္ခုဟူသော မျက်စိ တခုလုံးစသည်ကိုလည်းကောင်း 'သမူဟဃန-အပေါင်းအားဖြင့် တခဲနက်'ဟုခေါ်၏။ ရူပါရုံကိုမြင်ခြင်းကိစ္စ၌ စက္ခုဒွါရိက တဒနုဝတ္တကဝီထိစိတ်အားလုံးကို ကိစ္စအားဖြင့် တခုတည်းဟု ထင်ရသောကြောင့် 'ကိစ္စဃန'ဟု ခေါ်၏။ ရူပါရုံကို အာရုံပြု၍ ဖြစ်သမျှစိတ်အားလုံးကို တခုတည်းဟု ထင်ရသောကြောင့် 'အာရမ္မဏဃန' ဟု ခေါ်၏။ ဤသို့စသည်ဖြင့် သိပါ။

ထိုကဲ့သို့ ဃနဖြင့် ဖုံးလွှမ်းထားသောကြောင့် ဓာတ်သဘာဝ တခုတခုကို ခွဲခြား၍ မသိနိုင်။ အကယ်၍ ထိုဃနကို (တခဲနက် မထင်ရအောင်)သူ့သဘာဝရှိသည့်အတိုင်း ဉာဏ်ဖြင့် ခွဲခြား၍ ကြည့်နိုင်ပါမူ သာသနာပ၌ ထင်မှားအပ်သော အတ္တအကောင်အထည် မရှိတော့ပဲ အနတ္တလက္ခဏာ ထင်လာနိုင်ပါသည်။

(သမ္မောဘာဋ္ဌီ ပ ၁၅၅)

## ဝိပဿနာပြည့်စုံချိန်

သမ္မသနဉာဏ် ဉဒယဗ္ဗယဉာဏ်ဟူသော တီရဏပရိညာ အခိုက်အတန့်၌ ဝိပဿနာသည် အင်အား မပြည့်စုံသေး။ ထိုက်အခိုက်၌ဖြစ်သော အနိစ္စာနုပဿနာသည် နိစ္စသညာစသည်တို့ကို လုံးဝပျောက်အောင် မပယ်နိုင်သေး။ ဘင်္ဂဉာဏ်စသော ပဟာနပရိညာ အခိုက်အတန့်၌ ဝိပဿနာ လုံးဝပြည့်စုံ၏။ ထိုအခိုက်၌ ဖြစ်သော ဝိပဿနာပညာသည် နိစ္စသညာစသော ဆန့်ကျင်ဘက်တို့ကို လုံးဝကင်းပျောက်အောင် ပယ်နိုင်၏။
(မဟာစည်ဝိပဿနာရှုနည်း ဒု ၄၆၃)

## ဉပစာရသမာဓိ

သမထအားထုတ်သူအား ရှုမှတ်မှုအကြား ဖြစ်တတ်သည် နီဝရဏတို့ကင်းသည့်အခါ ပဋိဘာဂနိမိတ်ကိုဖြစ်စေ ဘုရားဂုဏ်ကိုဖြစ်စေ အာရုံပြုလျက် တစပ်တည်းဖြစ်သော ကာမာဝစရသမာဓိသည် ဉပစာရသမာဓိမည်၏။ (မဟာစည်ဝိပဿနာရှုနည်း ပ ၈၅)

## ခဏိကသမာဓိ

ဝိပဿနာအားထုတ်သူအား သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ထက်သန်ညီမျှသည့်အခါ ရှုမှတ်မှုချည်း တစပ်တည်းဖြစ်လျက် နီဝရဏကြားမဝင်။ ရှုမှတ်တိုင်း ရုပ်နာမ်အာရုံ၌ တည်ကြည်စူးစိုက်သော သမာဓိသည် ထက်သန်စွာဖြစ်၏။ ထိုသမာဓိမျိုးကို ခဏိကသမာဓိဟု ခေါ်သည်။
(မဟာစည်ဝိပဿနာရှုနည်း ပ ၈၆)

## လေးပါးတွင် တပါးသာမြင်

ရုပ်နာမ်တရား တခုခုကို ရှုရာ၌ လက္ခဏာ ရသ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန် တပါးပါးကိုသာ ရှုနိုင်သည်။ တကြိမ်မှတ်ရာ၌ တပါးသိလျှင် ကိစ္စပြီး၏။(မဟာစည်ဝိပဿနာရှုနည်း ပ ၈၆)

လက္ခဏာဟူသည် ရုပ်နာမ်၏ ပင်ကိုယ် သဘောလက္ခဏာတည်း။ ရသဟူသည် ရုပ်နာမ်၏ အစွမ်းသတ္တိတည်း။ ပစ္စုပဋ္ဌာန်ဟူသည် ဝိပဿနာရှုသူ၏ အသိဉာဏ်ထဲ၌ ရုပ်နာမ်တို့၏ ပေါ်လွင်ထင်ရှားပုံ အမူအရာတည်း။ ပဒဋ္ဌာန်ဟူသည် ရုပ်နာမ်တို့၏ အနီးဆုံးအကြောင်းတည်း။

(မဟာစည်ဝိပဿနာရှုနည်း ပ ၂၈၃)

## စက္ခုပသာဒ လက္ခဏာဒိစတုက္က

အဆင်းပေါ်လာအောင် မျက်စိသည် ကြည်သည် (လက္ခဏာ)
အဆင်းဆီသို့ ပို့ပေးသည် (ရသ)
မျက်စိကနေ မြင်သည် (ပစ္စုပဋ္ဌာန်)
ကမ္မဇဘူတရုပ် မျက်လုံးသားရှိ၍ မြင်သည် (ပဒဋ္ဌာန်)(မဟာစည်ဝိပဿနာရှုနည်း ပ ၂၈၈)

မြင်တယ်မှတ်လျှင် **စက္ခုပသာဒ ရူပါယတန စက္ခုဝိညာဏ် ဖဿ ဝေဒနာ** ဤတရားငါးပါးကို မှတ်မိသည်။ ကြည်လင်သည့် မျက်စိရုပ် ထင်ရှားလျှင် စက္ခုပသာဒ, အဆင်းရုပ် ထင်ရှားလျှင် ရူပါယတန, မြင်သည့်စိတ် ထင်ရှားလျှင် စက္ခုဝိညာဏ, အဆင်းနှင့်မြင်မှုတို့၏ တွေ့ဆုံမှုထင်ရှားလျှင် ဖဿ, မြင်လို့ ကောင်းခြင်း, မကောင်းခြင်း, မဆိုးမကောင်း ထင်ရှားလျှင် ဝေဒနာကို သိသည်။

(မဟာစည်ဝိပဿနာရှုနည်း ပ ၂၈၀)

အချို့က ရုပ်ကလာပ်ဖွဲ့ပုံ စိတ် စေတသိက်ယှဉ်ပုံ လက္ခဏာ ရသ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်တို့နှင့် ဝီထိကျပုံများကို ကျက်မှတ်လေ့လာပြီးလျှင် တတ်သိနားလည်သည့်အတိုင်း ဆင်ခြင်ရုံမျှဖြင့် နာမ်ရုပ်တို့ကို သိမ်းဆည်းခြင်း ဝိပဿနာရှုခြင်းများ ပြီးစီးပြည့်စုံသည်ဟု ထင်မှတ်လျက် ရှိကြသည်။ သုတအားလျော်စွာ ဆင်ခြင်ရုံမျှဖြင့် ဝိပဿနာဖြစ်ကြောင်းကို ကျမ်းဂန်တို့၌ မပြဆိုချေ။ ဆင်ခြင်၍ယူအပ်သော ရုပ်နာမ်တို့ဟူသည်မှာ သန္တာန်နှစ်ပါး၌ တကယ်ဖြစ်ပေါ်ခြင်း မရှိသောကြောင့် ပရမတ်အစစ်မဟုတ်, စိတ်ထဲ၌ မှန်ဆတိုင်း ပေါ်လာသော ပညတ်မျှသာဖြစ်သည်။ (မဟာစည်ဝိပဿနာရှုနည်း ပ ၂၇၁)

## ဃနကွဲမှ အနတ္တထင်နိုင်

စက္ခုဓာတ်သည် မျက်စိအတွင်းဝယ် အခြားသောရုပ်ကလာပ်တို့နှင့် ပေါင်းစပ်နေ၏။ ပတ်ဝန်းကျင် အဆောင်အရောင်နှင့်တကွသော မျက်လုံးကိုလည်း စက္ခုဟု ခေါ်နေကြ၏။ ထိုသသမ္ဘာရစက္ခုအပေါင်းမှ စက္ခုဓာတ်တခုကို ဉာဏ်ဖြင့်ခွဲခြား၍ သိခြင်းကို "စက္ခုဓာတု ဝိနိဗ္ဘောဂ"ဟု ခေါ်၏။ ရူပဓာတ်စသည်တို့၌ လည်း နည်းတူ။ ထိုကဲ့သို့ အမျိုးမျိုးသောဓာတ်တွေကို ခွဲခြားဝေဖန်မှုကို သာမာန်ပုဂ္ဂိုလ်မဆိုထားဘိ ပိဋကအရာ အတော်ပညာရှိသူတို့သော်မှလည်း သတိမမူမိကြ။ အနတ္တလက္ခဏာကိုသိလိုလျှင် စက္ခုဓာတ် သောတဓာတ်စသော ဓာတ်တို့ကို အသီးသီးဉာဏ်ဖြင့် ခွဲခြားရသည်။

တခုတည်းကဲ့သို့ ထင်ရလောက်အောင် ပူးတွဲပေါင်းကပ် ဆက်စပ်နေသည်ကို 'ဃန'ဟုဆိုသည်။ ထိုဃနသည် သန္တတိဃန သမူဟဃန ကိစ္စဃန အာရမ္မဏဃန အားဖြင့် လေးမျိုးရှိ၏။ ဝီထိစဉ်အားဖြင့် ရုပ်အစဉ်နာမ်အစဉ်တခုကို 'သန္တတိဃန–အစဉ်အားဖြင့် တခဲနက်ဖြစ်နေသည်'ဟု ခေါ်၏။ စိတ္တုပ္ပါဒ်တခု၌ စိတ်စေတသိက် အပေါင်းကိုလည်းကောင်း ရုပ်ကလာပ်တခုကိုလည်းကောင်း သသမ္ဘာရစက္ခုဟူသော မျက်စိ တခုလုံးစသည်ကိုလည်းကောင်း 'သမူဟဃန–အပေါင်းအားဖြင့် တခဲနက်'ဟုခေါ်၏။ ရူပါရုံကိုမြင်ခြင်းကိစ္စ၌ စက္ခုဒွါရိက တဒနုဝတ္တကဝီထိစိတ်အားလုံးကို ကိစ္စအားဖြင့် တခုတည်းဟု ထင်ရသောကြောင့် 'ကိစ္စဃန'ဟု ခေါ်၏။ ရူပါရုံကို အာရုံပြု၍ ဖြစ်သမျှစိတ်အားလုံးကို တခုတည်းဟု ထင်ရသောကြောင့် 'အာရမ္မဏဃန' ဟု ခေါ်၏။ ဤသို့စသည်ဖြင့် သိပါ။

ထိုကဲ့သို့ ဃနဖြင့် ဖုံးလွှမ်းထားသောကြောင့် ဓာတ်သဘာဝ တခုတခုကို ခွဲခြား၍ မသိနိုင်။ အကယ်၍ ထိုဃနကို (တခဲနက် မထင်ရအောင်)သူ့သဘာဝရှိသည့်အတိုင်း ဉာဏ်ဖြင့် ခွဲခြား၍ ကြည့်နိုင်ပါမူ သာသနာပ၌ ထင်မှားအပ်သော အတ္တအကောင်အထည် မရှိတော့ပဲ အနတ္တလက္ခဏာ ထင်လာနိုင်ပါသည်။ (သမ္မောဘာဋီ ပ ၁၅၅)

## အပေါင်းအစုကို ရှုနိုင်ရင်ပင် သက္ကာယဒိဋ္ဌိပြုတ်

မနောဝိညာဏ်စုမှာလည်း ကိုယ်အမူအရာကို ပြုပြင်သော ဝိညာဏ်စုဖြစ်နေစဉ် နှုတ်အမူအရာကို ပြုပြင်သော ဝိညာဏ်မျိုး မဖြစ်နိုင်။ နှုတ်အမူအရာကိုပြုပြင်သော ဝိညာဏ်စုဖြစ်နေစဉ် ကိုယ်အမူအရာကို ပြုပြင်သော စိတ်မရှိနိုင်။ သို့သော်လည်း အလည်းအလှယ် မြန်လှသည့်အတွက်ကြောင့် သွားဆဲမှာပင် စကားပြောနိုင်၏။ စကားပြောဆဲမှာပင် ကိုယ်အင်္ဂါ လှုပ်ရှားနိုင်၏။ ထိုထို အဆင်းကို မြင်နိုင်၏။ ထိုထိုအသံကို ကြားနိုင်၏။ ဤသို့ဖြစ်မှုကား မြန်လှသည့်အတွက်ကြောင့် တစ်မျိုးတစ်မျိုး အစဉ်၏ အကြားအကြားမှာ အမျိုးမျိုး ကြားချပ်မှုပေတည်း။

ဝိပဿနာယောဂီပုဂ္ဂိုလ်မှာမူကား ဤသို့ဖြစ်၍ နေကြရာမှ အလုံးစုံခြုံမိ ငုံမိလောက်သောအချက်ကို ရှာ၍ **ဝိညာဏဝီထိဝါရပေါင်း တစ်သိန်း တသန်း တကုဋေမကကိုပင် တဝိညာဏ်တည်း တချက်တည်းပြု၍ ဥဒယမှု ဝယမှုကို ရှုရ**သည်။ ဖြစ်ခြင်းပျက်ခြင်းကို ရှုသောဉာဏ်မှာ အကုန်ပါစေနိုင်သည်သာ ပမာဏ တည်း။ ငါမြင်သည် ငါကြားသည် ငါနံသည် ငါအရသာသိသည် ကိုယ်မှာထိသည်ကို ငါသိသည် ငါကြံစည်သည် စသည်ဖြင့်ဖြစ်သော ငရဲမီး ခြောက်မျိုး ငါပြောသည် ငါဆိုသည် ငါကိုယ်အင်္ဂါလှုပ်သည် ငါသွားသည် ငါလာသည် စသည်ဖြင့်ဖြစ်သော ငရဲမီးမျိုး အကုန်ကွယ်ပျောက်စေနိုင်သည်သာ ပမာဏ တည်း။ ကိုယ်တွင်းမှာ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဟဒယဟူသော ခြောက်ဌာနက ထိထိမိမိ ဆုတ်ကိုင်၍ ဖြစ်မှု ပျက်မှုကို ကောင်းစွာထင်မြင်နိုင်လျှင် ထိုအလုံးစုံသော အထွေအလာတို့သည် အတွင်းဝင် ပါလေကုန်တော့သည်။ (တီချုပ် တ ၂၆၄)

## ဖားအောက်ဆရာတော်၏ ဃနကွဲအောင်ရှုနည်း

ဓာတ်လေးပါးရဲ့ သဘာဝကို ကြိမ်ဖန်များစွာရှုရင် မီးခိုးရောင် အဖြူအတုံးအခဲကို တွေ့ရသည်။ အဖြူရောင် အတုံးအခဲသည် ဓာတ်လေးပါးအစုပုံလို့လည်း များသောအားဖြင့် သဘောပေါက်သည်။ သဘောမပေါက်လျှင် အဖြူရောင်က မာတဲ့သဘောစသည်ကို ရှုလိုက်, တကိုယ်လုံးက မာတဲ့သဘောကို ရှုလိုက်နှင့် ရှုရသည်။ ဒီလိုရှုရင်းနှင့် ဆွတ်ဆွတ်ဖြူတဲ့ အဖြူတုံးကလေးကို တွေ့မယ်။ ဒီအဖြူတုံးကလေးမှာလည်း ဓာတ်လေးပါသဘောကို ရှုပါ။ ရှုနိုင်ရင် တကိုယ်လုံးကို အကြည်တုံးကြီးအနေနဲ့ တွေ့ရပါမည်။

ဒီအကြည်တုံးကြီးဆိုတာ ပသာဒရုပ် အဖွဲ့အစည်းတွေပါပဲ။ ဒီအကြည်ပြင်အတုံးကြီးမှာလည်း ဓာတ်လေးပါးသဘော ရှုရသည်။ အကြည်အတုံးကြီးမှာ ရှိနေတဲ့ ဓာတ်လေးပါးကို ရှုရင်း သမာဓိအရှိန်ကြောင့် အလင်းရောင်သည် အကြည်ပြင်ကိုဖောက်၍ တဖျပ်ဖျပ်ပေါ်လာသည်။ **အလင်းဆိုတာ စိတ္တဇကလာပ်မှာပါတဲ့ ရူပါရုံနှင့် စိတ္တပစ္စယဥတုဇကလာပ်မှာပါတဲ့ ရူပါရုံ** ဖြစ်ပါသည်။ အလင်းကောင်းလေ ဉာဏ်ထက်လေ, ဉာဏ်ထက်လေ အလင်းကောင်လေ ဖြစ်သည်။

အလင်းရောင်ပေါ်ထွက်လာတဲ့အတွက် ဓာတ်လေးပါးကို ကျနစွာ ရှုနိုင်ပါလျက် ကလာပ်မှုန်တွေ မမြင်ခဲ့လျှင် အကြည်ပြင်မှာ အာကာသဓာတ်ကို ရှုပါ။ အာကာသဓာတ်ကို မြင်လျှင် ရုပ်ကလာပ်ကို ရှုနိုင်ပြီ။ ရုပ်ကလာပ်ကို မြင်မှသာ ကလာပ်အတွင်းရှိ ပရမတ္ထဓာတ်သား ရုပ်တရားအစစ် တွေ့နိုင်မည်။

ကလာပ်တခုအတွင်းက ဓာတ်လေးပါးသဘောကို မရှုနိုင်လျှင် တကိုယ်လုံးရှိ ကလာပ်မှာရှိတဲ့ မာတဲ့သဘော စသည်ကို ကြည့်လိုက်, ကလာပ်တခုအတွင်းရှိ မာတဲ့သဘော စသည်ကို ကြည့်လိုက်နှင့် ရှုရသည်။ ကလာပ်တခုအတွင်း ဓာတ်ကြီးလေးပါးကို ဃနပြိုအောင် ရှုနိုင်လျှင် ငါ သူတပါး ယောကျ်ား မိန်းမ စသည် သညာတွေ ပျောက်သွားသည်။ ဓာတ်သဘော အစုဝေးသာဟု သိသဖြင့် **သန္တတိဃန**ခေါ်တဲ့ ရုပ်ကလာပ်တွေကို မမြင်သေးတဲ့ ရုပ်အစဉ်အတန်း အတုံးအခဲ, **သမူဟဃန**ခေါ်တဲ့ ရုပ်ကလာပ်တခုအတွင်းရှိ ရုပ်ပရမတ်တွေကို မမြင်နိုင်တဲ့ ရုပ်အပေါင်းအစု အတုံးအခဲ, **ကိစ္စဃန**ခေါ်တဲ့ ရုပ်ကလာပ်တခု အတွင်းရှိ ပရမတ်ရုပ်တရားတို့ရဲ့ လုပ်ငန်းကိစ္စ အသီးသီးကို မမြင်နိုင်တဲ့ ရုပ်လုပ်ငန်းကိစ္စ အတုံးအခဲတို့ ပြိုကွဲသွားသည်။ (ဖားအောက်ဆရာတော် စူဠသုညတသုတ္တန်တကတော် ၂၇၆–၂၈၈)

စက္ခုအကြည်ဓာတ်ကို စက္ခုအကြည်ဓာတ်ဟုလည်းကောင်း ရုပ်တရားဟုလည်းကောင်း အနိစ္စဟုလည်းကောင်း ဒုက္ခဟုလည်းကောင်း အနတ္တဟုလည်းကောင်း အသုဘဟုလည်းကောင်း သိ၍ မနောဒွါရာဝဇ္ဇန်း ဇောခုနစ်ကြိမ် တဒါရုံနှစ်ကြိမ်ဟု ဖြစ်၏။ ဘဝင်မနောအကြည်ဓာတ်၌ စက္ခုအကြည်ဓာတ်သည် ထင်နေသောအခါ ဘဝင်မနောအကြည်ဓာတ်ကို အစွဲပြု၍ ဟဒယဝတ္ထုကိုမှီ၍ စက္ခုအကြည်ဓာတ်ကို သိနေသည့် မနောဒွါရိကဇောဝီထိ စိတ်အစဉ်များသည် ဝီထိတခုနှင့်တခု၏ အကြားတွင် ဘဝင်များခြားလျက် အကြိမ်ကြိမ် ဆက်တိုက်ဖြစ်နေပုံကိုဉာဏ်ဖြင့် မြင်အောင်ကြည့်ပါ။ ထို့နောက် တစ်လုံးစီ တစ်လုံးစီ တစတစ တိုး၍ မနောဒွါရာဝဇ္ဇန်းစိတ် စေတသိက်, ဇောစိတ် စေတသိက်, တဒါရုံစိတ် စေတသိက်တို့ကို ကြည့်ပါ။ ဤသို့ ဝီထိစိတ္တက္ခဏတခုအတွင်း၌ ပြိုင်တူဖြစ်သော နာမ်တရားတို့ကို ဃနပြိုအောင် ရှုပြီးနောက် ယင်းနာမ်တရားအားလုံး၏ စက္ခုအကြည်ဓာတ် အာရုံဘက်သို့ ညွတ်ကိုင်းသည့်သဘောကို အာရုံပြု၍ "နာမ်တရား နာမ်တရား"ဟု ရှုပါ။ ဤသို့ အရှုခံအာရုံ ရုပ်တရားဘက်၌လည်းကောင်း အာရုံယူတတ်သည့် နာမ်တရားဘက်၌လည်းကောင်း ရုပ်ဃန နာမ်ဃနကို ဖြိုခွဲဖျက်ဆီးလျက် ရှုပါ။

(နိဗ္ဗာနဂါမိနီ ပဋိပဒါ ဒု ၁၂၀–၁၂၄)

## သာမညဝိသေသလက္ခဏာ

ရုပ္ပဏလက္ခဏာသည် ရုပ်အားလုံးနှင့်ဆိုင်သောကြောင့် သာမညလက္ခဏာတည်း။ ကက္ခဠလက္ခဏာသည် ရုပ်အများတွင် ပထဝီဓာတ်နှင့်သာ ဆိုင်သောကြောင့် ဝိသေသလက္ခဏာတည်း။ နမနလက္ခဏာသည် နာမ်အားလုံးနှင့်ဆိုင်သောကြောင့် သာမညလက္ခဏာတည်း။ ဖုသနလက္ခဏာကား နာမ်တရားတို့တွင် ဖဿတပါးနှင့်သာဆိုင်သောကြောင့် ဝိသေသလက္ခဏာတည်း။ အနုဋီကာ၌ အနုဘဝနလက္ခဏာသည် ဝေဒနာသုံးပါးလုံးနှင့် ဆိုင်သောကြောင့် သာမညလက္ခဏာတည်း။ သာတလက္ခဏာ(သာယာခြင်းလက္ခဏာ) သည် သုခဝေဒနာနှင့်သာဆိုင်သောကြောင့် ဝိသေသလက္ခဏာတည်း-ဟု ဆို၏။ (သမ္မောဘာဋီ တ ၆၂၆)

## ပရိညာ သုံးပါး

ဝိသုဒ္ဓိ ၇-ပါးတွင် **သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ**တို့သည် **ပရိညာသုံးပါး၏ အခြေခံ**သာတည်း။ **ဒိဋ္ဌိဝိသုဒ္ဓိသည်** တေဘူမကသင်္ခါရတို့ကို လက္ခဏ ရသ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်အားဖြင့် သိ၏။ **ကင်္ခါဝိတရဏဝိသုဒ္ဓိ**ကား ရုပ်နာမ်သင်္ခါရတို့၏ အဝိဇ္ဇာ တဏှာ ကံ စသော အကြောင်းတို့ကို ပိုင်းခြား၍ သိ၏။ ဤသို့ သိသင့် သိထိုက်သော တရားတို့ကို ပိုင်းခြား၍ သိသောကြောင့် **ဉာတပရိညာ** မည်၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသည် သမ္မသနဉာဏ်အခိုက်၌ ရုပ်နာမ်သင်္ခါရတို့ကို "အနိစ္စ, ဒုက္ခ, အနတ္တ" ဟု ဆုံးဖြတ်သောအားဖြင့် ပိုင်းခြား၍ သိ၏။ လမ်းမှန် ဟုတ်, မဟုတ်ကိုလည်း ဆုံးဖြတ်သောအားဖြင့် ပိုင်းခြား၍ သိ၏။ ဤသို့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမှ အနုလောမဉာဏ်တိုင်အောင်သော ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိသည် **တီရဏပရိညာ** မည်၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသည် နောက်ပိုင်း၌ ဥဒယဗ္ဗဉာဏ်ဖြစ်သောအခါ ဝိပဿနုပက္ကိလေသတို့ကို ပယ်နိုင်၏။ ဤသို့ ဥဒယဗ္ဗဉာဏ်မှ စ၍ ဘင်ဉာဏ် ဘယဉာဏ် စသည်ဖြင့် အဆင့်ဆင့်တက်သွား၍ ကိလေသာတို့ကို တဒင်္ဂပဟာန်ဖြင့် ပယ်ပြီးနောက် မဂ်သို့ရောက်သောအခါ သမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်၏။ ထို့ကြောင့် ဥဒယဗ္ဗဉာဏ်မှစ၍ မဂ်တိုင်အောင်သော ဉာဏ်ကို **ပဟာနပရိညာ** ဟု ဆိုသည်။

(သမ္မောဘာဋီ တ ၆၂၇)

ဖြစ်ဆဲ ရုပ်,နာမ်ကို ဤကားရုပ် ဤကားနာမ် ဟု ရုပ်နာမ်ကို ပိုင်းခြား၍သိခြင်းသည် **ဉာတပရိညာ**မည်၏။ ဖြစ်ဆဲရုပ်နာမ်၏ အနိစ္စမျိုး ဒုက္ခမျိုး အနတ္တမျိုးကို ပိုင်းခြား၍ သိခြင်းသည် **တီရဏပရိညာ**မည်၏။ ထိုဖြစ်ဆဲရုပ်နာမ်၌ ငါ့ရုပ် တဏှာစွဲ, ရုပ်ဟာ ငါ မာနစွဲ, ရုပ်ဟု ငါ့ကိုယ် ဒိဋ္ဌိစွဲ- ဟု တဏှာ မာန ဒိဋ္ဌိ ကင်း၍ အလင်းသို့ရောက်အောင် သိခြင်းသည် **ပဟာနပရိညာ**မည်၏။

(ဝိပဿနာအလင်းပြ တ-တွဲ ၅၇။ ပိဋကလမ်းညွှန် ဒု ၂၂)

## ပရိညာ သုံးပါး

ဉာတပရိညာ (ထိ) သိသာထင်ရှားပြီးသော ရုပ်နာမ်ဓမ္မတို့ကို အထူးထူးအပြားပြား ပိုင်းခြား သိမြင်တတ်သောဉာဏ်, တေဘူမကရုပ်နာမ်ဓမ္မတို့ကို သာမည,ဝိသေသ အဇ္ဈတ္တ,ဗဟိဒ္ဓ လက္ခဏ,ရသ ပစ္စုပ္ပဋ္ဌာန်, ပဒဋ္ဌာန် စသည်တို့၏ အစွမ်းဖြင့် အထူးထူးအပြားပြား ပိုင်းခြားသိမြင်တတ်သောဉာဏ်ကို ဉာတပရိညာဟု ခေါ်သည်။ ယင်းဉာတပရိညာသည် ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိအရာ၌တည်သည်။

တီရဏပရိညာ(ထိ) စူးစမ်း – ဆင်ခြင်– သုံးသပ် –ခြင်းအားဖြင့် ပိုင်းခြား၍ သိခြင်း။ သင်္ခါရတို့ကို အနိစ္စစသော ၄၂–ပါးသော အခြင်းအရာတို့ဖြင့် ပိုင်းခြားဆုံးဖြတ် သုံးသပ်ဆင်ခြင်တတ်သော သမ္မသနဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင်သောဉာဏ်သည် တီရဏပရိညာမည်၏။

(တိပိဋက အဘိဓာန်)

## ဒုက္ခသစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်

♠ ဝိပဿဉာဏ်အရိယာ မဂ်ဉာဏ်မပေါ်မီက ဥပါဒါနက္ခန္ဓာငါးပါး, ဆင်းရဲတရားတွေကို ချမ်းသာတွေ အကောင်းတွေ လို့သာ ထင်နေကြတယ်။ မြင်းခိုက်ကြားခိုက်စသည့်၌ မပြတ်ရှုမှတ်နေတဲ့ယောဂီမှာ ဝိပဿနာဉာဏ် ထက်သန်စွာ ဖြစ်ပေါ်လာတဲ့အခါမှာ အဲဒီ ဥပါဒါနက္ခန္ဓာဆိုတဲ့ မြင်မှုကြားမှုတွေကို "ခဏမစဲ ဖြစ်ပျက်နေလို့ ကြောက်စရာကောင်းတဲ့ ဆင်းရဲတွေပဲ"လို့ ရှင်းလင်းစွာ သဘောပေါက် သိမြင်လာတယ်။ (မဟာစည်ဓမ္မစကြာတရာတော် ၃၅၆)

**သစ္စဉာဏ်ဆိုတာ**ကတော့ **ဝိပဿနာရှုနေဆဲမှာလဲ** ဖြစ်ပျက်သွားတဲ့တရားတွေကို ဆင်းရဲပဲလို့ သိပြီးတော့ **ဖြစ်**တယ်။ အဲဒါ အရိယာမဂ်ရဲ့ ရှေးအဖို့မှာ ဖြစ်တဲ့ဉာဏ်ပေါ့။ **အရိယာမဂ်ခဏမှာလည်း** နိဗ္ဗာန်အငြိမ်းဓာတ်ကို သိမြင်ပြီးတော့ ဖြစ်ပျက်သမျှ သဘောတရားတွေကို ဆင်းရဲချည်းပဲလို့ သိခြင်းကိစ္စ ပြီးသောအားဖြင့် **ဖြစ်**တယ်။ **အရိယာမဂ်နောက်ကာလများ၌လည်း** ဆင်ခြင်ပြီး သိလျက်**ဖြစ်**တယ်။

(မဟာစည်ဓမ္မစကြာတရာတော် ၃၆၇)

ဒုက္ခသစ္စာမည်တဲ့ ဥပါဒါနက္ခန္ဓာတရားတွေကိုရှုပြီး ပိုင်းခြားသိအပ်တယ်လို့ သိတဲ့ဉာဏ်ကို ကိစ္စဉာဏ်လို့ ခေါ်တယ်။ ဒုက္ခသစ္စာ၌ ပြုသင့်ပြုထိုက်တဲ့ကိစ္စကို သိတဲ့ဉာဏ်ပေါ့။ ဒီဉာဏ်ကတော့ အရိယာမဂ်ကို မရောက်မီကတည်းက ဖြစ်တဲ့ဉာဏ်ပဲ။ ဘုန်းကြီးတို့တပည့်တွေ **ရှုမှတ်နည်းကမ္မဋ္ဌာန်းကို ယူကတည်းက** သဘောတရားတွေကို ရှုမှတ်ရ မည်ဆိုတာ ကြားနာပြီးတော့ ဒီ**ကိစ္စဉာဏ်ဖြစ်ခဲ့**ကြတယ်။

(မဟာစည်ဓမ္မစကြာတရာတော် ၃၆၄)

မဂ်ဉာဏ်ပေါ်ပြီး နိဗ္ဗာန်အငြိမ်းဓာတ်တွေ့မှ အနိစ္စဒုက္ခအနတ္တ အသိ ခိုင်သွားတယ်။ ဒါဒုက္ခသစ္စာကို ပိုင်ခြားသိမှု ပြးစီးသွားတာပါပဲ။ ဒါတောင်မှ အပြည့်အဝမပြီးသေးဘူး။ အရဟတ္တမဂ်ရောက်မှ အပြည့်အဝ ပြီးစီးတယ်။ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ပိုင်းခြားသိမှု ပြီးပြီလို့သိတာက ကတဉာဏ်ပဲ။(စည်စကြာ ၃၆၇)

## သမုဒယသစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်

♠ ဘဝသစ်ကို အဖန်ဖန်ဖြစ်စေတာက ဆင်းရဲဖြစ်ပွားကြောင်း အစ်အမှန်ပဲ။အဆင်းအသံအစရှိတဲ့ ကာမဂုဏ်အာရုံကောင်းတွေကို နှစ်သက်လိုချင်တဲ့တဏှာကြောင့် စွဲလမ်းတယ်။ စွဲလမ်းလို့ ကိုယ်အလိုပြည့်အောင် အားထုတ်တယ်။ အဲဒါ သင်္ခါရကမ္မဘဝပဲ။ အဲဒီလို လိုချင်တောင့်တပြီး ပြုတဲ့ကံတွေရှိနေလို့ တဏှာမှ အချိန်အထုံရခဲ့တဲ့အဘိသင်္ခါရဝိညာဏ်ခေါ်တဲ့ သေခါနီးဇောစိတ်ကလည်း ထင်ပေါ်လာတဲ့အာရုံကို စွဲမြဲစွာ အာရုံပြုနေလို့ စုတိစိတ်၏အခြားမဲ့၌ဘဝသစ်ပဋိသန္ဓေဝိညာဏ်ဖြစ်ရတယ်။ ဘဝသစ်ရပြီး ဆင်းရဲခံစားရတာဟာ တဏှာရှိလို့ပဲ။ ဒါကြောင့် ကာမတဏှာဟာဒုက္ခဖြစ်ကြောင့် အစစ်အမှန်သမုယသစ္စာပဲ။

ဆင်းရဲဖြစ်ပွားကြောင်း အစ်အမှန်ပဲလို့သိတာ သစ္စဉာဏ်ပါပဲ။ ဒီသစ္စဉာဏ်ဟာ အရိယာမဂ်၏ ရှေးကာလ နောက်ကာလမှာလည်းဖြစ်တယ်။ အရိယာမဂ်ခဏမှာလည်းဖြစ်တယ်။

(မဟာစည်ဓမ္မစကြာတရာတော် ၃၇၄)

ဆင်းရဲဖြစ်ပွားကြောင်း အစစ်အမှန်ဖြစ်တဲ့ သမုဒယသစ္စာတဏှာကို ယ်ရမယ်လို့သိတာ ကိစ္စဉာဏ်ပါပဲ။ မြတ်စွာဘုရားမှာတော့ ဒီကိစ္စဉာဏ်ဟာ ဘယ်သူ့ထံကမှ မကြားရပဲ ဖြစ်ပေါ်ခဲ့တယ်။ဝိပဿနာပွားပြီး အရိယာမဂ်ဖြင့် ပယ်ရမည်လို့ မှတ်ထားကြ။(မဟာစည်ဓမ္မစကြာတရာတော် ၃၈၁)

သမုဒသစ္စာကို အရဟတ္တမဂ်ဖြင့် ပယ်ခြင်းကိစ္စ ပြီးသွားတဲ့အခါ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ပြုသင့်တဲ့ကိစ္စပြုပြီးကြောင်း သိသွားတာကို ကတဉာဏ်လို့ခေါ်တယ်။ (မဟာစည်ဓမ္မစကြာတရာတော် ၃၈၂)

## နိရောဓသစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်

♠ တဏှာချုပ်ငြိမ်းသဖြင့် ရုပ်နာမ်သင်္ခါရဆင်းရဲအားလုံးချုပ်ငြိမ်းတဲ့ အငြိမ်းဓာတ်သဘောကို နိရောဓသစ္စာပဲလို့ သိတဲ့ သစ္စဉာဏ်။ ဒီသစ္စဉာဏ် အရိယာမဂ်၏ ရှေးကာလမှာလည်းဖြစ်တယ်။ နောက်ကာလမှာလည်းဖြစ်တယ်။ အရိယာမဂ်ခဏမှာလည်း မျက်မှောက်အာရုံပြုပြီး ဖြစ်တယ်။ အရိယာမဂ်သို့ မရောက်မီ ဘယ်လိုဖြစ်သလဲဆိုတော့၊ သာဝကများမှာ သူတပါးထံမှ ကြားနာပြီး သုတမယဉာဏ်ဖြင့်သာ သိရတယ်။ မြတ်စွာဘုရားမှာတော့ သောတာပတ္တိမဂ်သို့မရောက်မီ ရှေးကာလကလည်း ကိုယ်ပိုင်ဉာဏ်ဖြင့် သက်ဝင်ပြီးသိခဲ့ပါတယ်။ တဏှာချုပ်တဲ့ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာဟာ အရိယမဂ်ဖြင့် မျက်မှောက်တွေ့ပြီး သိသင့်တရားပဲလို့ သိတဲ့ဉာဏ်ကို ကိစ္စဉာဏ်လို့ခေါ်သည်။ မျက်မှောက်သိပုံကတော့ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်တဲ့အခါမှာ ထိုခဏ၌ဖြစ်ပျက်တဲ့ သဘောတရားတမျိုးမျိုးကို လျင်မြန်စွာ သိရင်းသိရင်းနဲ့ ရှုသိရတဲ့ သင်္ခါရအာရုံတွေရော ရှုသိမှုရော သင်္ခါရဒုက္ခအားလုံး ချုပ်ငြိမ်းတဲ့သဘောထဲသို့ ကျရောက်ပြီး မျက်မှောက် သိသွားရင် တဏှာလည်း ချုပ်ငြိမ်းတော့တာပဲ။ နိရောဓသစ္စာကို အရဟတ္တမဂ်ဖိုလ်ဉာဏ်ဖြင့် သိပြီးပြီလို့ ပြန်လည်ဆင်ခြင်တဲ့ဉာဏ်ကို ကတဉာဏ်လို့ခေါ်သည်။ (မဟာစည်ဓမ္မစကြာတရာတော် ၃၈၇)

## မဂ္ဂသစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်

♠ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်အငြိမ်းဓာတ်သို့ ဆိုက်ရောက်တဲ့အကျင့်လမ်းမှန် အရိယမဂ္ဂသစ္စာပဲလို့ သိတာကို သစ္စဉာဏ်လို့ခေါ်တယ်။ ဒီသစ္စဉာဏ်က အရိယာမဂ်၏ ရှေးကာလမှာရော နောက်ကာလမှာရော အရိယာမဂ်ခဏမှာရော ဖြစ်တယ်။ သာဝကများသည် အရိယာမဂဂ်သို့မရောက်မီ ဒီမဂ္ဂသစ္စာကို သုတမယဉာဏ်ဖြင့်သာသိတယ်။ မြတ်စွာဘုရားကတော့နိရောဓကိုရော မဂ္ဂကိုပါ စောစောကတည်းက ကိုယ်ပိုင်ဉာဏ်ဖြင့် သိခဲ့တယ်။ (မဟာစည်ဓမ္မစကြာတရာတော် ၃၉၀)

မဂ္ဂင်ရှစ်ပါးဟာ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုသိပြီး ပွားစေအပ်သည့် ဘာဝေတဗ္ဗတရားဖြစ်တယ်လို့ သိတဲ့ဉာဏ်ဟာ မဂ္ဂသစ္စာနဲ့ပတ်သက်ပြီး ပြုသင့်ပြုထိုက်တဲ့ကိစ္စကို သိတဲ့ ကိစ္စဉာဏ်ပဲ။ ဒီကိစ္စဉာဏ်ဟာ အရိယာမဂ်မရောက်မီ သုတမယပညာဖြင့် ပြည့်စုံသင့်တယ်။ (မဟာစည်ဓမ္မစကြာတရာတော် ၃၉၅)

မဂ္ဂသစ္စာကို အရဟတ္တမဂ်တိုင်အောင် ပွားစေပြီး၍ ပွားစေခြင်းကိစ္စပြီးကြောင်းကို ဆင်ခြင်တဲ့ဉာဏ်ဟာ ကတဉာဏ်ပါပဲ။ (မဟာစည်ဓမ္မစကြာတရာတော် ၃၉၇)

♠ နိရောဓသစ္စာ မဂ္ဂသစ္စာတို့၌ ရှေးအဖို့က သုတမယအလိုအားဖြင့်သာ ဖြစ်တယ်။ နိရောဓသစ္စာကို မဂ်ခဏမှာလည်း မျက်မှောက်အာရုံပြုလျက် သိတယ်။ ကျန်တဲ့သစ္စာသုံးပါးကိုတော့ မဂ်ဃဏမှာ ပိုင်ခြားသိခြင်းကိစ္စ, ပယ်ခြင်းကိစ္စ, ပွားစေခြင်းကိစ္စ ပြီးသောအားဖြင့် သိမှုပြီးတယ်။

- ♠ သစ္စာလေးပါးနဲ့စပ်ပြီး ပြုသင့်ပြုထိုက်တဲ့ကိစ္စကိုသိတာ ကိစ္စဉာဏ်ပဲ။ အရိယာမဂ်သို့ မရောက်မီ ရှေးအဖို့ ဝိပဿနာရှုနေဆဲကာလမှာဖြစ်စေ, မရှုရသေးမီကဖြစ်စေ ဖြစ်တဲ့ဉာဏ်ပဲ။
- ♠ ပြီးသွားတဲ့အခါ ပြီးသွားကြောင့် ပြန်လှည့်ပြီးဆင်ခြင်တယ်။ အဲဒါ ပစ္စဝေက္ခဏာဉာဏ်ပဲ။ အဲဒီ ဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ်လို့ ခေါ်တယ်။ (မဟာစည်ဓမ္မစကြာတရာတော် ၃၉၇)

## သုတမယဉာဏ် စိန္တာမယဉာဏ်

စိန္တာမယပညာ(ထီ) ကြံစည်–စဉ်းစား–တွေးဆ–ဆင်ခြင်–ခြင်း–ဖြင့်–ကြောင့်–ပြီးစီး–ဖြစ်ပေါ်–သော ပညာ။ စိန္တာမယိပညာ(ထီ) ကြံစည်–ဏဉ်းစား–တွေးဆ–ဆင်ခြင်–ခြင်း–ဖြင့်–ကြောင့်–ပြီးစီး–ဖြစ်ပေါ်– သော ပညာ။ (လောကီအတတ်အမျိုးမျိုး, ကံ, ကံ၏အကျိုး, လက္ခဏာရေးသုံးပါးတို့ကို **သူတပါးထံမှ နာခံ မှတ်သားရမှုမရှိပဲ မိမိကိုယ်တိုင် ကြံစည်စဉ်းစား၍ သိသောပညာ**မျိုးကို စိန္တာမယပညာဟု ခေါ်သည်။ (အဘိ၊ဝိ၊၃၃၇)

**ဘုရားစသော ပုဂ္ဂိုလ်တို့ထံမှ နာခံမှတ်သားအပ်သော နည်းဥပဒေသကို အမှီပြုကာ** ရုပ်နာမ်ဓမ္မတို့၏ မမြဲခြင်းစသော သဘောလက္ခဏာကို ကြံစည်စဉ်းစား၍ သိသောပညာမျိုးကိုလည်း စိန္တာမယပညာဟု ခေါ်သည်။(နေတ္တိ၊၈။ ပေဋကော၊၃)

## နာမရူပဝဝတ္ထာနဉာဏ်

ဤကိုယ်၌ နာမ်ရုပ်မျှသာရှိ၏။ အတ္တ ဇီဝ ပုဂ္ဂလမရှိဟု ပိုင်းခြား၍သိမှုကို နာမရူဝဝတ္ထာနဉာဏ်ဟု ခေါ်သည်။ ဒိဋ္ဌိဝိသုဒ္ဓိနယ်ပင်တည်း။ (ဌနီဘာဋီတ ၁၃၂)

## ပုဂ္ဂိုလ်သတ္တဝါဟူ၍ စွဲလမ်းပုံ

ငါကြားသည်ဟု စွဲလမ်းမှု, နားသည် ကြားတတ်သည်ဟု စွဲလမ်းမှုသည် နားကို ပုဂ္ဂိုလ်သတ္တဝါဟူ၍ စွဲလမ်းမှုပင်တည်း။ ထို့အတူ ခြေသန်းလက်သန်း၌ ထိခိုက်၍ နာသည်ရှိသော် ငါနာသည်ဟု စွဲလမ်းမှုသည် ခြေသန်းလက်သန်းကို ပုဂ္ဂိုလ်သတ္တဝါဟူ၍ စွဲလမ်းမှုပင်တည်း။ တီချုပ် ဒု ၁၀၄

## ဒိဋ္ဌိသိ

ပုဂ္ဂိုလ်သတ္တဝါဟူ၍ စွဲလမ်းမှုသည် နိစ္စ သုခ အတ္တ ဇီဝ ဟု စွဲလမ်းမှုတည်း။ တီချုပ် ဒု ၁၀၅

## ဒိဋ္ဌိဝိသုဒ္ဓိ

**ဒိဋ္ဌိဝိသုဒ္ဓိ**(ထိ)အယူ၏ စင်ကြယ်ခြင်း။ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်အားဖြင့် နာမ်ရုပ်တရားနှစ်ပါးကို သိမ်းဆည်းတတ်သော ဉာဏ်ပင်ဖြစ်သည်။ ယင်းကို **နာမရူပဝဝတ္ထာနဉာဏ်**ဟူ၍လည်း ခေါ်ဆိုလေ၏။ ဉာတပရိညာဉ်ဖြင့် ပိုင်းခြား၍ သိအပ်၏။ နာမရူပဝဝတ္ထာနဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်တို့ဖြင့် ပြီးစေရ၏။ တေဘူမက ဝဋ်ဒုက္ခကို ပိုင်းခြားကာ သိနိုင်ရန် ယင်းကို အားထုတ်ရ၏။ ယင်းဝိသုဒ္ဓိကို ပြည့်စုံစေလျက် ဝိပဿနာအားထုတ်သော ယောဂီအား ဉာဏဒဿနဝိသုဒ္ဓိခေါ်ဆိုသော အရိယာမဂ်ဉာဏ်ဖြစ်လာနိုင်သည်။ အရိယာအဆင့်ရောက်နိုင်သည်။ (တိပိဋကန် ဒိဋ္ဌိဝိသုဒ္ဓိအဖွင့်)

**မိစ္ဆာဒိဋ္ဌိဟူသည်** ခန္ဓာ အာယတန ဓာတ် ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို "ဤတရားသည် ငါ့ဥစ္စာတည်း, ဤတရားသည် ငါဖြစ်သည်, ဤတရားသည် ငါ၏အတ္တတည်း=ဧတံ မမ, ဧသောဟမသ္မိ, ဧသော မေ အတ္တာ"ဟု မှားမှားယွင်းယွင်း နှလုံးသွင်း သုံးသပ်ခြင်းပင် ဖြစ်သည်။ (တိပိဋကန် ဒိဋ္ဌိအဖွင့်)